ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## ၂၀၀၀ ပြည့်နှစ်

# ဥပဒေများ

৩৭০৩৩

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၀ ပြည့်နှစ်

# ဥပဒေများ

## မာတိကာ

အမှတ်စဉ် အကြောင်းအရာ

## ဥပဒေများ


၁။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၁/၂၀၀၀) ... ၃

၂။ တိုင်းရင်းဆေးကောင်စီဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၂/၂၀၀၀) ... ၂၅

၃။ ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ
ခွဲဝေသုံးစွဲရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၃/၂၀၀၀) ... ၃၉

၄။ ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံး
ဆိုင်ရာဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၄/၂၀၀၀) ... ၄၇

၅။ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၅/၂၀၀၀) ... ၆၉

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၀၀) | ... ၇၉ |
| ၇။ | နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၀) | ... ၈၅ |
| ၈။ | လမ်းမကြီးများဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၀) | ... ၈၉ |

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေ

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## မြန်မာနိုင်ငံဆေးကောင်စီဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/၂၀၀၀)

၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင် စီ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤ ဥ ပ ဒေ တွင် ပါ ရှိ သော အောက် ပါ စ ကား ရပ် များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ဆေးပညာ ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါ စစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှု ပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း အ ပါ အ ဝင် ကျန်း မာ ရေး စောင့်ရှောက်မှုလုပ်ငန်း အား လုံး နှင့် စပ် ဆိုင် သော ပညာရပ်ကို ဆိုသည်။

(ခ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။
(ဂ) ကောင်စီဝင် ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။
(ဃ) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။
(င) မှတ်ပုံတင်ဆရာဝန် ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင် စာရင်းတွင် အမည်တင်သွင်းခြင်းခံရပြီး ဆရာဝန် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။
(စ) ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ မြန်မာနိုင်ငံ ဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့် လိုင်စင်နှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။
(ဆ) အထွေထွေဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ အသိအမှတ်ပြုထားသော အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပြီးသော မှတ်ပုံတင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။
(ဇ) အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီသောမှတ်ပုံတင်ဆရာဝန်အားလည်းကောင်း၊ သက်ဆိုင်ရာ ဆေးပညာဘာသာရပ်အတွက် အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟုသတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန်အားလည်းကောင်း မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဈ) ကန့်သတ်ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ နိုင်ငံခြားသား ဆရာဝန်အား ကုသခွင့်ရှိသော ဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကိုကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အရည်အသွေးမီ၍ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့် ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ လေ့လာသင်ကြားနိုင်စေရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)

## မြန်မာနိုင်ငံ ဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည်—

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံဆေးကောင်စီကို ဖွဲ့စည်းရမည်—

(၁) ကျန်းမာရေး ဝန်ကြီး ဌာန လက်အောက် ရှိ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊

(၂) ကာကွယ်ရေး ဝန်ကြီး ဌာန၊ ဆေး ဝန် ထမ်း ညွှန်ကြားရေးမှူး၊

(၃) ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ၊

(၄) တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ်၊

(၅) မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊

(၆) ပြည်နယ်၊ တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးများ၊

(၇) ဆေးတက္ကသိုလ် ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခ ဌာနမှူးများ၊

(၈) တပ် မ တော် ဆေး တ က္က သို လ်၊ ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခ ဌာနမှူး ၁ ဦး၊

(၉) ဆေးတက္ကသိုလ်များမှ ဝါရင့်ပါမောက္ခဆရာဝန် ၁ ဦးစီ၊

(၁၀) တပ်မတော်ဆေးတက္ကသိုလ်မှ ဝါရင့်ပါမောက္ခ ဆရာဝန် ၁ ဦး၊

(၁၁) မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ကိုယ်စားလှယ် ၃ ဦး၊

(၁၂) အငြိမ်းစားဆရာဝန် ၃ ဦး၊

(၁၃) တိုင်းနှင့် ပြည်နယ် အသီးသီးရှိ ဆေး ကု သ ခွင့် လိုင်စင်ရ ဆ ရာ ဝန် များ က မိ မိ တို့ အ နက် မှ ရွေးချယ်တင်မြှောက်သော အ စိုး ရ ဝန် ထမ်း မဟုတ်သူ ၁ ဦးစီ။

( ခ ) ပုဒ်မခွဲ (က) အရ ကောင်စီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ၁ ဦး၊ အတွင်းရေးမှူး ၁ ဦးနှင့် တွဲဖက်အတွင်းရေးမှူး ၁ ဦး တို့ကို သတ်မှတ်ပေးရမည်။

၅။ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီ အတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးသည် ကောင်စီ၏ လုပ်ငန်းတာဝန် များကိုဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်—

| | | | |
|---|---|---|---|
| (က) | ကောင်စီဥက္ကဋ္ဌ | .... | ဥက္ကဋ္ဌ |
| ( ခ ) | ကောင်စီဝင် ၂ ဦး | .... | ဒုတိယဥက္ကဋ္ဌများ |
| ( ဂ ) | ကောင်စီဝင် ၁၀ ဦး | .... | အဖွဲ့ဝင်များ |
| (ဃ) | ကောင်စီအတွင်းရေးမှူး | .... | အတွင်းရေးမှူး |
| ( င ) | ကောင်စီတွဲဖက်အတွင်းရေးမှူး | .... | တွဲဖက် အတွင်းရေးမှူး |

၇။ ( က ) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ် ဖြစ်သည်။

( ခ ) ကောင် စီ ဝင် များ ၏ သက် တမ်း သည် ကောင် စီ ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း သုံးကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာ လစ်လပ်သည့်အခါ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) ပါအတိုင်း အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်း ကုန်ဆုံးချိန် အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီ အသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)

## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်တွင်း၊ ပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ် တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ် ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့ များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

( ဂ ) ဆရာဝန်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်စာရင်းများကို ပြုစုထား ရှိခြင်း နှင့် အခါ အားလျော်စွာ ထုတ်ပြန်ခြင်း၊

( င ) ဆရာဝန်များ၏ ကျန်းမာရေး စောင့်ရှောက်မှု အရည် အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

( စ ) နိုင်ငံတော်နှင့် ပုဂ္ဂလိက ဆေးရုံများ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းထိန်းသိမ်း မြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်းသတ်မှတ် ခြင်းနှင့်ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဆ ) ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေး ပြည့်ဝသော ဆေးပညာရှင်များပေါ် ပေါက်စေရေးတို့အတွက် တိုးတက် ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြခြင်း၊

( ဇ ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက် နှင့်အညီ ဆရာဝန်များ စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားမှု ရရှိနိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီး ဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဈ ) ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးပညာအဆင့် အတန်း မြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီး ဌာနသို့ အကြံပြုတင်ပြခြင်း၊

(ည ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာ စောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေး ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း—

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ
(၂) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးကော်မတီ
(၃) စည်းကမ်းထိန်းသိမ်းရေးကော်မတီ
(၄) စံချိန်စံညွှန်းသတ်မှတ်ရေးကော်မတီ
(၅) စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးကော်မတီ
(၆) ကျန်းမာရေးကော်မတီ
(၇) အခြားလိုအပ်သောကော်မတီများ၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် ကောင်စီအတွက် အကျိုးပြုမည့်ကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင် သက်တမ်း တိုးမြှင့်ကြေးနှင့် ရက်လွန်ကြေး များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသော အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)

## ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၁။ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်က အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

## အခန်း (၆)

## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၂။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်—

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ၃ ကြိမ်တိုင်တိုင် ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ၆ လနှင့် အထက် ထွက်ခွာခြင်း၊

(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ အရေးယူအပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရားပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၇)

## အစည်းအဝေးကျင်းပခြင်း

၁၃။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည်—

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ၃ လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

( ခ ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ၁ လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူး အစည်းအဝေး ကျင်းပခြင်း၊

( ဂ ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူခြင်း။

၁၄။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို ကျန်းမာရေး ဝန်ကြီးဌာနသို့ ၃ လလျှင် တစ်ကြိမ် ပုံမှန် အစီရင်ခံရမည်။ ထို့ပြင် လိုအပ်သလို အခါအားလျော်စွာ အစီရင်ခံနိုင်သည်။

## အခန်း (၇)

## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၅။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

( က ) ရုံးအဖွဲ့မှူး တစ်ဦးနှင့် ဒုတိယ ရုံးအဖွဲ့မှူးတစ်ဦးတို့ကို ခန့်ထားပြီး တာဝန်များသတ်မှတ်ပေးခြင်း၊

( ခ ) ဝန်ထမ်းများကို လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်များ သတ်မှတ်ပေးခြင်း။

## အခန်း (၉)

### ဘဏ္ဍာရေး

၁၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၇။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြား အကူအညီများကို ကျန်းမာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံနိုင်သည်။

၁၈။ ကောင်စီသည် ရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

## အခန်း (၁၀)

### ဆရာဝန်မှတ်ပုံတင်လက်မှတ်

၁၉။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်—

(က) ပြည်တွင်း ဆေးတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် ဆေးပညာဘွဲ့ ရရှိသူ၊

(ခ) ပြည်ပ ဆေးတက္ကသိုလ်၊ ဆေးကောလိပ် တစ်ခုခုက ဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် ဆေးပညာဘွဲ့ ရရှိသူ၊

(ဂ) ပြည်ပဆေးတက္ကသိုလ်၊ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသေးသော ဆေးပညာဘွဲ့ ရရှိသူ။

၂၀။ ကောင်စီသည် ပုဒ်မ ၁၉ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်—

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သုံးစွဲနေခြင်း၊

(ခ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့် အပြင် ဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီကသတ်မှတ်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရခြင်း၊

(ဂ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ခြင်း၊

(ဃ) နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခြင်း။

## အခန်း (၁၁)

## ဆေးကုသခွင့်လိုင်စင်

၂၂။ မှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၃။ ကောင်စီသည် ပုဒ်မ ၂၂ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထွေထွေ ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၂၅။ ကောင်စီသည် ပုဒ်မ ၂၄ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထူးဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ နိုင်ငံခြားသားဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ကောင်စီသည် ပုဒ်မ ၂၆ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၈။ ဆေးကုသခွင့် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသော အထွေထွေဆေးကုသခွင့်လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိသူသည် ဆေးကုသခွင့် လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၉။ ကောင်စီသည် ပုဒ်မ ၂၈ အရ ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန် တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်—

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပညာ ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချွတ်ယွင်းခြင်းကြောင့် ဆရာဝန် တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(ဂ) နိုင်ငံတော်က ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဆရာဝန်တစ်ဦး၏ တာဝန်ဝတ္တရားများကို မဆင်မခြင် ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(င) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာ စောင့်ထိန်းမှု မရှိခြင်း၊

(စ) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင် နိုင်စွမ်း မရှိခြင်း၊

(ဆ) ကောင်စီက သတ်မှတ်သော ကာလအတွင်း လုံလောက် သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

# အခန်း (၁၂)

## မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်ဆရာဝန်သည်—

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်ရှိသည့်ပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့် ရှိသည်။

၃၂။ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၃။ ဆေးကုသခွင့် လိုင်စင်ရဆရာဝန်သည် ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၃) ပါ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရာတွင်—

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၃)

## အယူခံခြင်း

၃၄။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၀ အရဖြစ်စေ၊ ပုဒ်မ ၂၃ အရဖြစ်စေ၊ ပုဒ်မ ၂၅ အရဖြစ်စေ၊ ပုဒ်မ ၂၇ အရဖြစ်စေ၊ ပုဒ်မ ၂၉ အရဖြစ်စေ၊ ဆေးကုသခွင့်လိုင်စင်ကို ၅ နှစ်အောက် ရုပ်သိမ်းကြောင်း ပုဒ်မ ၃၀ အရဖြစ်စေ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၃၅။ ပုဒ်မ ၃၄ အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၆။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၁ အရဖြစ်စေ၊ ဆေးကုသခွင့်လိုင်စင်ကို ၅ နှစ်နှင့်အထက် ရုပ်သိမ်းကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း ပုဒ်မ ၃၀ အရဖြစ်စေ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်။

၃၇။ ပုဒ်မ ၃၆ အရ အယူခံရာတွင် ချမှတ်သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်မရှိဘဲ ဆေးကုသခြင်းမပြုရ။

၃၉။ မည်သည့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မျှ ဆေးကုသသည့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့် လုပ်ငန်းအလိုက်

ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်း က ထုတ် ပေး သည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေး ဆောင်ရွက်စေခြင်းမပြုရ။

၄၀။ မည်သည့် မှတ်ပုံတင်ဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၂။ မည်သည့် ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ် မှု ထင် ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သည့် မှတ်ပုံတင်ဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)

### အထွေထွေ

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ဆေးကုသခွင့်ရှိသူများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၅။ ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်က ကိုယ်တိုင် လက်မှတ်ရေးထိုး ခြင်း မရှိသော ဆေးလက်မှတ်သည် တရားဝင် ဆေးလက်မှတ်ဖြစ်သည်ဟု မမှတ်ယူရ။

၄၆။ ဤဥပဒေပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ကျန်းမာရေး ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ကို ရယူရမည်။

၄၇။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ ကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၈။ ကောင်စီသည် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက် ဥ ပ ဒေ အ ရ ဖွဲ့ စည်း ထား သော ပြည် ထော င် စု မြန် မာ နိုင်ငံ ဆေးကောင်စီပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်း များကို လည်း ကောင်း၊ ရ ပိုင် ခွင့် နှင့် ပေး ရန် တာ ဝန် များ ကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၄၉။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံဆေးကောင်စီ မဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့် ရှိသည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ များ၊ လုပ်ထုံး လုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ် သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

၅၁။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# တိုင်းရင်းဆေးကောင်စီဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## တိုင်းရင်းဆေးကောင်စီဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၂/၂၀၀၀)

၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းဆေးကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) တိုင်းရင်းဆေးပညာ ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယ၊ ဝိဇ္ဇာဓရနယ တည်းဟူသော နယကြီး ၄ ပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်သော အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုသည်။

(ခ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းရင်းဆေးကောင်စီကို ဆိုသည်။
(ဂ) ကောင်စီဝင် ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းရင်းဆေးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။
(ဃ) တိုင်းရင်းဆေးဆရာ ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူ တစ်ဦးဦးကို ဆိုသည်။
(င) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ တိုင်းရင်းဆေးဆရာ အဖြစ် မှတ်ပုံတင်ခွင့်ရရှိသူအား ကောင်စီကထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—
(က) တိုင်းရင်းဆေးဆရာများစုစည်း၍ တိုင်းရင်းဆေးပညာ တစ်ရပ်ရပ်ကိုအသုံးချပြီး ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်၊
(ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊
(ဂ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေးအတွက် ဆောင်ရွက်နိုင်ရန်၊
(ဃ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## တိုင်းရင်းဆေးကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းရမည်—

(က) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန .... ဥက္ကဋ္ဌ

(ခ) ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် တိုင်းရင်း ဆေးဆရာ ၄ ဦး အဖွဲ့ဝင်

(ဂ) တိုင်းရင်း ဆေးဆရာများက မိမိတို့အနက်မှ ရွေးချယ် တင်မြှောက်သူ ၅ ဦး အဖွဲ့ဝင်

(ဃ) ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့်အရာရှိ အတွင်းရေးမှူး

၅။ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန် ပေး အပ်နိုင်သည်။ ယင်းသို့ တာဝန် ပေး အပ်ခြင်း မရှိလျှင် အတွင်းရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ (က) ကောင်စီဝင်၏သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့် အညီဖြစ်သည်။

(ခ) ကောင် စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း ၃ ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကောင်စီဝင် တစ်ဦးဦး၏ နေရာ လစ်လပ်သည့်အခါ—

(၁) ကျန်းမာရေး ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းဝန်ကြီးဌာနက အစားထိုးတာဝန်ပေးအပ်ရမည်။

(၂) တိုင်းရင်းဆေးဆရာများက ရွေးချယ်တင်မြှောက်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းတို့က အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အစားထိုး တာဝန် ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် ယင်းကောင်စီ သက်တမ်း ကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

၇။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ် ဖြစ်သည်။

(ခ) ကောင်စီသည် သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီအသစ် ဖွဲ့စည်းပြီးသည့်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီ၏ အစည်းအဝေး ကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

## အခန်း (၄)

## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) တိုင်းရင်း ဆေးဆရာအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထား ချက်များကို စိစစ်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ခ) တိုင်းရင်း ဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးများသတ်မှတ်ခြင်း၊

(ဂ) တိုင်းရင်းဆေးဆရာများ လိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) ကျင့်ဝတ်နှင့် စည်းကမ်းကို ဖောက်ဖျက်သော တိုင်းရင်း ဆေးဆရာများအား အရေးယူခြင်း၊

(င) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများနှင့်စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း၊

(စ) နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်းနှင့် ထောက်ခံချက် ပေးခြင်း၊

(ဆ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေးကိုဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ကောင်စီက ပေးအပ်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ၊ အဖွဲ့များကိုဖွဲ့စည်း၍ ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

## အခန်း (၅)

## တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်း

၁၁။ အောက်ပါ အရည်အချင်း တစ်ရပ်ရပ် နှင့် ကိုက်ညီသူသည် တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ပေးရန် ကောင်စီသို့လျှောက်ထားနိုင်သည်—

(က) တိုင်းရင်းဆေးသိပ္ပံ သို့မဟုတ် တိုင်းရင်းဆေးတက္ကသိုလ်မှ အောင်မြင်သူ၊

(ခ) တိုင်းရင်း ဆေးပညာဦးစီးဌာနကဖွင့်လှစ်သည့် တိုင်းရင်းဆေးဆရာဖြစ်သင်တန်း တက်ရောက်အောင်မြင်သူ၊

(ဂ) တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ သို့မဟုတ် တိုင်းရင်းဆေးပညာ ဦးစီးဌာနက ကျင်းပပြုလုပ်သည့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူ၊

(ဃ) ကောင်စီ၏ စိစစ်ချက်အရ တိုင်းရင်းဆေးဆရာ ဖြစ်ထိုက်သည့် အရည်အချင်း ပြည့်မီသည်ဟု သတ်မှတ်ခြင်းခံရသူ။

၁၂။ ကောင်စီသည် ပုဒ်မ ၁၁ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း (၆)

## တိုင်းရင်းဆေးဆရာ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၁၃။ တိုင်းရင်းဆေးဆရာသည်—

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

၁၄။ တိုင်းရင်းဆေးဆရာသည်—

(က) ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခံနိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခွင့်များရှိသည်။

(ခ) တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၇)

## ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ကျန်းမာရေးဝန်ကြီးဌာနသည်—

(က) တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရာထမ်းတစ်ဦးဦးအား ဤဥပဒေအလို့ငှာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၆။ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကိုအသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်လက်မှတ် ထုတ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် တိုင်းရင်းဆေးပညာဦးစီးဌာနသို့ တာဝန် ပေးအပ်နိုင်သည်။

## အခန်း (၇)

## အရေးယူခြင်း

၁၇။ (က) ကောင်စီသည် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခံရသော တိုင်းရင်းဆေးဆရာအား စုံစမ်းစစ်ဆေးနိုင်ရန် အဖွဲ့ဝင် ၃ ဦးပါသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့တွင် ကောင်စီဝင်အနည်းဆုံး တစ်ဦး ပါဝင်စေရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီသို့တင်ပြရမည်။

၁၈။ ကောင်စီသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ မိမိထံတင်ပြသော အစီရင်ခံစာကို စိစစ်ပြီး စွပ်စွဲခံရသော တိုင်းရင်းဆေးဆရာသည်—

(က) အပြစ်မရှိကြောင်းတွေ့ရှိရပါက အမှုတွဲကိုပိတ်သိမ်းကြောင်း အမိန့်ချမှတ်ရမည်။

(ခ) အပြစ်ရှိကြောင်းတွေ့ရှိရပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်—

(၁) သတိပေးခြင်း၊

(၂) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၁၉။ ကောင်စီက သတ်မှတ်သော အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော တိုင်းရင်းဆေးဆရာအား ကောင်စီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်—

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၀။ (က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ယင်းကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်လက်မှတ် ပြန်လည်ရရှိလိုလျှင် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

## အခန်း (၉)

## အယူခံခြင်း

၂၁။ (က) ကောင်စီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သော နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမျှ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရရှိဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့် ရယူ၍ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၂၃။ မည်သူမျှ တိုင်းရင်းဆေးပညာ ဦးစီးဌာနက ထုတ်ပေးသည့် ဆေးကုသခွင့်လက်မှတ်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်း ရိုးရာဆေးပညာကို အသုံးပြု၍ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၂၄။ မည်သူမဆို—

(က) ပုဒ်မ ၂၂ သို့မဟုတ် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် သက်ဆိုင်ရာပြစ်မှုပါ ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁နှစ်မှ အများဆုံးထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း (၁၁)

### အထွေထွေ

၂၅။ တိုင်းရင်း ဆေးပညာဦးစီးဌာနသည် နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ကုသသောဆေးဆရာများအား ဆေးကုသခွင့်လက်မှတ် ထုတ်ပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ တိုင်းရင်းဆေးပညာဦးစီးဌာနသည်—

(က) ကောင်စီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

၂၇။ တိုင်းရင်းဆေးဆရာတစ်ဦး သေဆုံးလျှင်ဖြစ်စေ၊ ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်း မရှိတော့လျှင်ဖြစ်စေ ၎င်း၏မိသားစုဝင်တစ်ဦးဦးသည် ကောင်စီသို့ စာဖြင့်အသိပေး အကြောင်းကြားရမည်။

၂၈။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၂၉။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့အက်ဥပဒေအရ—

(က) ထုတ်ပြန်ခဲ့သော အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

(ခ) ဖွဲ့စည်းထားသော တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့သည် ဤဥပဒေအရ တိုင်းရင်း ဆေးကောင်စီ ဖွဲ့စည်းခြင်းမပြုမီ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ ကောင်စီနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၁။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ နောက်ထပ်

# ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၃/၂၀၀၀)

၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၀၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

နိုင်ငံတော် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၉၉-၂၀၀၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်း စစ် ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တစ်မြို့

စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား(၁) (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)

### ငွေချေးယူခြင်း

၄။ ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း ငါးသောင်း တိုးမြှင့်လျာထားလိုက်သည်။

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား (၁)

| အမှတ်စဉ် | ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အမြဲသုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများအတွင်း ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁,၆၁၆,၀၀၀ | | | ၂၃၂,၁၉၁,၄၀၀ | | | | |
| ၂ | ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | --- | | | ၈,၇၀၀,၀၀၀ | | | | |
| ၃ | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန် ပေးသူ | --- | | | ၂၅,၀၀၀,၀၀၀ | | | | |
| ၄ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၃,၃၂၅,၀၀၀ | | | ၄၉,၅၂၀,၅၀၀ | | | | |
| ၅ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန် ပေးသူ | ၈,၇၁၆,၀၀၀ | | | ၂,၃၅၀,၀၀၀ | | | | |
| ၆ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ်သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန် ပေးသူ | ၂၄,၃၅၀,၀၀၀ | | | ၅၄,၁၂၀,၀၀၀ | | | | |
| | | ပေါင်း — | | ၁၀၈,၀၀၇,၀၀၀ | | | ၃၇၁,၈၈၁,၉၀၀ | | | | |

| အမှတ်စဉ် | ၁၉၅၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ချေးငွေ | | အဖွဲ့အစည်းများအတွက် ရင်းနှီးငွေ | [illegible] |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးသည့်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၄,၂၈၂,၀၀၀ | — | — | ၄,၈၅၀,၀၀၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၁,၃၄၀,၃၈၇,၀၀၀ | — | — | ၄,၅၃၀,၀၀၀,၀၀၀ | | | | |
| ၃ | ၃ | တပ်မတော်ရေးရာ | ၎င်း | .... | — | — | ၅,၀၀၀,၀၀၀ | | | | |
| ၄ | ၄ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၁၀၆,၃၇၈,၃၃၀ | — | ၃၈၀,၀၀၀,၀၀၀ | ၆၉၂,၅၉၉,၁၈၀ | | | | |
| ၅ | ၅ | ပြည်ထဲရေး | ၎င်း | ၃၉၁,၇၄၃,၀၀၀ | — | ၄၇,၀၀၀,၀၀၀ | ၈၁,၇၀၀,၀၀၀ | | | | |
| ၆ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၉,၇၇၉,၀၀၀ | — | — | ၁၆,၀၀၀,၀၀၀ | | | | |
| ၇ | ၇ | သာသနာရေး | ၎င်း | ၁၃၀,၈၁၀,၀၀၀ | — | .... | ၉၃,၃၆၂,၀၀၀ | | | | |
| ၈ | ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး | ၎င်း | ၁၀,၉၈၁,၀၀၀ | — | ၃၈,၅၂၀,၀၀၀ | ၁၀၂,၀၆၈,၀၀၀ | | | | |
| ၉ | ၉ | ပြန်ကြားရေး | ၎င်း | .... | — | — | ၁၆,၄၄၄,၀၀၀ | | | | |
| ၁၀ | ၁၀ | ယဉ်ကျေးမှု | ၎င်း | ၂၁,၈၄၉,၀၀၀ | — | .... | ၂၀၆,၄၃၁,၀၀၀ | | | | |
| ၁၁ | ၁၁ | ပညာရေး | ၎င်း | ၄၅၇,၀၂၃,၀၀၀ | — | — | ၉၀၀,၀၀၀,၀၀၀ | | | | |
| ၁၂ | ၁၂ | ကျန်းမာရေး | ၎င်း | ၃၀၆,၅၉၂,၀၀၀ | — | — | ၇၇၉,၉၉၉,၂၈၀ | | | | |
| ၁၃ | ၁၃ | အားကစား | ၎င်း | ၂၅,၃၅၀,၀၀၀ | — | .... | ၁၂,၅၈၁,၀၀၀ | | | | |
| ၁၄ | ၁၄ | အလုပ်သမား | ၎င်း | ၁၀,၇၈၂,၀၀၀ | — | .... | ၄,၈၀၁,၅၀၀ | | | | |
| ၁၅ | ၁၅ | သစ်တောရေးရာ | ၎င်း | ၁၇၀,၃၂၄,၀၀၀ | — | .... | ၄၃၃,၀၃၂,၀၀၀ | | | | |
| ၁၆ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | ၁,၁၄၃,၅၇၁,၀၀၀ | .... | .... | ၄,၀၆၆,၄၀၅,၀၀၀ | | | | |
| ၁၇ | ၁၇ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၆,၃၁၂,၀၀၀ | | | | | | | |
| ၁၈ | ၁၈ | သတ္တုတွင်း | ၎င်း | ၈,၃၀၀,၀၀၀ | | | | | | | |
| ၁၉ | ၁၉ | အမှတ် (၁) စက်မှု | ၎င်း | ၅၀၀,၀၀၀ | | | | | | | |
| ၂၀ | ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၁,၄၃၇,၀၀၀ | | | | | | | |
| ၂၁ | ၂၁ | သိပ္ပံနှင့် နည်းပညာ | ၎င်း | ၃၁,၅၀၆,၀၀၀ | .... | .... | ၈၇၆,၀၁၂,၀၀၀ | | | | |
| ၂၂ | ၂၂ | စွမ်းအင် | ၎င်း | .... | .... | ၂,၂၁၀,၀၀၀ | ၆၀,၀၀၀ | | | | |
| ၂၃ | ၂၄ | ဆောက်လုပ်ရေး | ၎င်း | ၂,၁၅၃,၀၄၃,၀၀၀ | — | .... | ၁၀,၅၃၀,၀၁၆,၄၄၀ | | | | |
| ၂၄ | ၂၅ | ပို့ဆောင်ရေး | ၎င်း | ၁၆,၉၂၇,၀၀၀ | ၅,၁၉၀,၀၀၀ | .... | ၁,၄၀၉,၉၇၃,၀၀၀ | | | | |
| ၂၅ | ၂၆ | ရထားပို့ဆောင်ရေး | ၎င်း | ၄,၀၇၇,၀၀၀ | .... | — | ၂၇,၀၀၀,၀၀၀ | | | | |
| ၂၆ | ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | ၆၃၄,၀၀၀ | — | .... | ၃,၃၀၀,၀၀၀ | | | | |
| ၂၇ | ၂၈ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၂၅,၄၄၂,၀၀၀ | — | .... | ၄၂,၀၆၀,၅၀၀ | | | | |
| ၂၈ | ၃၀ | သမဝါယမ | ၎င်း | .... | — | ၄,၈၇၇,၀၀၀ | ၃၉,၆၉၃,၂၀၀ | | | | |
| ၂၉ | ၃၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄၉,၀၀၁,၀၀၀ | .... | .... | ၄၃,၆၈၄,၀၀၀ | | | | |
| ၃၀ | ၃၂ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၁၅၀,၉၉၇,၀၀၀ | ၅,၂၈၄,၉၀၀,၀၀၀ | ၁၃,၅၈၇,၄၃၆,၀၀၀ | ၃,၅၃၃,၀၀၀ | | | ၁၀၀,၀၀၀,၀၀၀ | |
| ၃၁ | ၃၃ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၁၉၇,၅၂၂,၆၀၀ | | | | | | | |
| ၃၂ | ၃၄ | ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၇၁,၀၀၀,၀၀၀ | | | | | | | |
| | | ပေါင်း ... | | ၇,၂၆၆,၆၂၉,၉၃၀ | ၅,၂၉၀,၀၉၀,၀၀၀ | ၁၄,၀၆၀,၀၅၁,၀၀၀ | ၂၄,၉၂၀,၇၄၁,၁၀၀ | | | ၁၀၀,၀၀၀,၀၀၀ | |

| အမှတ်စဉ် | ၁၉၆၉ ခုနှစ်၊ နိုင်ငံတော်၏ ထည့်ဝင်ငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အသုံးစရိတ်ငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေရင်း ငွေရှင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၀ | ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၉,၉၁၄,၃၇၇,၄၉၀ | | | ၆,၆၁၇,၆၀၁,၇၁၀ | | ၆၁,၄၈၁,၀၀၀ | ၁၃၇,၁၂၅,၃၀၀ | |
| | | ပေါင်း — | | ၃၉,၉၁၄,၃၇၇,၄၉၀ | | | ၆,၆၁၇,၆၀၁,၇၁၀ | | ၆၁,၄၈၁,၀၀၀ | ၁၃၇,၁၂၅,၃၀၀ | |

၁—၃

| အမှတ်စဉ် | ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | တောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃,၇၁၈,၀၀၀ | | | | | | | |
| | | ပေါင်း ... | | ၃,၇၁၈,၀၀၀ | | | | | | | |

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရအသုံးဆိုင်ရာ ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄ /၂၀၀၀)

၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၀၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၀–၂၀၀၁ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

## အပိုင်း ၂

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေ များအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေ တို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေ များထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ် သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူ အညီရငွေ၊ ချေး ယူ ရ ငွေ များကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များ အတွက် ဇယား (၂) နှင့် (၄) တို့တွင်ဖော်ပြထားသော ငွေဖြင့်မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အ ကျိုး အ ကြောင်း ဖော်ပြချက်များနှင့် အတူ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသို့ တင်ပြသော ၂၀၀၀-၂၀၀၁ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော် အေးချမ်း သာ ယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင် စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား(၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်း ချက်များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ် အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံ သုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏ နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံ

စာချုပ်များထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်း စီမံချက်များအတွက် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာန တစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည်ဤအခန်း(၃)ပါကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၃။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေး စာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံ ရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်း ကိုးသောင်း ပမာဏထက် မပိုစေရ။

# အပိုင်း ၃

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ် နည်း များနှင့် အညီ ဆောင်ရွက်ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင်ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၀-၂၀၀၁ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးနိုင်သည်။

## အပိုင်း ၄

## တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စိမ်ကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စိမ်ကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေ

များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသို့ တင်ပြသော ၂၀၀၀-၂၀၀၁ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်းလိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၂၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည်မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ ပေးခြင်း ပြုနိုင်သည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ချေးမြီ | | အဖွဲ့အစည်းများသို့ ထည့်ဝင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၈,၄၂၅,၀၀၀ | | | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၂,၀၀၀ | | | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၀,၀၀၀ | | ၃၀,၀၀၀ | | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀,၀၀၀,၀၀၀ | | | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၂၄၅,၀၀၀ | | | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်း စစ်ချုပ်က တာဝန်ပေးသူ | | | ၆,၀၀၀,၀၀၀ | | ၁,၀၀၀ | | | | | |
| | ပေါင်း — | | | | ၂၄,၈၁၂,၀၀၀ | | ၃၁,၀၀၀ | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများသို့ ရင်းနှီးငွေ | [illegible] |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၇၅,၉၇၇,၀၀၀ | | | ၄၂၈,၆၉၈,၀၁၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁,၀၀၀,၀၀၀ | | | ၆၀,၀၀၀,၀၀၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈၈,၀၀၀,၀၀၀ | | | ၂,၆၈၁,၇၀၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၆၂,၀၀၀,၀၀၀ | | | ၁၁၉,၅၃၇,၁၀၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၉၅,၀၀၀,၀၀၀ | | | ၂၀,၅၃၆,၆၀၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၆,၃၁၈,၀၀၀ | | | ၂၂၂,၂၂၅,၅၀၀ | | | | |
| | ပေါင်း — | | ၁,၁၈၈,၃၃၇,၀၀၀ | | | ၈၅၇,၇၀၈,၆၀၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်း ထုတ်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ် တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈,၆၇၂,၂၀၀,၀၀၀ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | | ကုန်သွယ်လုပ်ငန်းခွန် | | ၂၂,၂၂၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၃ | ဝင်ကုန်အတွက် လိုင်စင်များ | | ၃၈၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံ ဆောင်ဘာလသိန်းဆု | | ၄,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၅ | ဆယ်ယူပို့ဆောင်ရေးအခွန် | | ၉၂၂,၂၀၀,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်း ရောင်းရငွေများ | | ၆၅၀,၀၀၀,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ် တွင် ကောက်ခံသည့် အခွန်အကောက် | ရှင်း | ၁၅,၂၆၃,၈၀၆,၀၀၀ | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၁၁,၃၀၆,၂၁၀,၀၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၃,၉၅၇,၅၉၆,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ရှင်း | ၄,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၄,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ရှင်း | ၁,၅၀၇,၅၀၀,၀၀၀ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၆၅,၀၀၀,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၂,၀၀၀,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၈၁၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁၃,၀၀၀,၀၀၀ | | | | | | | | | |
| | ၅ | ဆင်းထိုင်ခွန် | | ၅၉၇,၀၀၀,၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်ရေပေါ်တွင် ကောက်ခံသည့် အခွန် | | ၅၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ရှင်း | | ၇၀,၀၀၇,၇၂၈,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ချေးငွေ — ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးငွေ — ချေးယူရငွေ | အဖွဲ့အစည်းများသို့ ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆,၀၀၀,၀၀၀ | | | | | | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၂၇၃,၀၁၂,၀၀၀ | | | | | | | |
| ၈ | နယ်စပ်ဒေသ နှင့် တိုင်း ရင်း သား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | | | ၈,၁၆၁,၀၀၀ | | | | | | | |
| ၉ | ပြည်ထဲရေး | ၎င်း | | | ၆၆,၇၃၀,၀၀၀ | — | ၂,၀၅၀,၀၀၀ | | | | | |
| ၁၀ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၃၁,၈၄၁,၀၀၀ | | | | | | | |
| ၁၁ | သာသနာရေး | ၎င်း | | | ၂၂,၀၀၆,၀၀၀ | | | | | | | |
| ၁၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | | | ၁၃,၀၀၇,၀၀၀ | — | — | ၉၇၀,၀၀၀ | | | | |
| ၁၃ | ပြန်ကြားရေး | ၎င်း | | | ၂၂၃,၆၄၁,၀၀၀ | | | | | | | |
| ၁၄ | ယဉ်ကျေးမှု | ၎င်း | | | ၁၃,၀၀၀,၀၀၀ | | | | | | | |
| ၁၅ | ပညာရေး | ၎င်း | | | ၇,၇၈၇,၁၃၄,၀၄၀ | — | — | ၃,၇၉၂,၀၀၀ | | | | |
| ၁၆ | ကျန်းမာရေး | ၎င်း | | | ၄၂၀,၁၈၉,၅၀၀ | — | ၈၀၀,၀၀၀ | ၁၆၁,၂၀၉,၀၀၀ | | | | |
| ၁၇ | အားကစား | ၎င်း | | | ၁၃,၇၂၅,၀၀၀ | — | ၅၀,၀၀၀ | ၇၂၅,၀၀၀ | | | | |
| ၁၈ | အလုပ်သမား | ၎င်း | | | ၁,၇၄၇,၀၅၀ | | | | | | | |
| ၁၉ | သစ်တောရေးရာ | ၎င်း | | | ၇၁၁,၅၂၂,၈၀၀ | — | — | ၂၀,၂၇၉,၀၀၀ | | | | |
| ၂၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၄,၉၈၇,၁၉၇,၀၀၀ | — | ၁၀၀,၈၅၀,၀၀၀ | ၁,၁၂၂,၀၀၀ | | | | |
| ၂၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၂၇၄,၂၀၁,၀၀၀ | | | | | | | |
| ၂၂ | သတ္တုတွင်း | ၎င်း | | | ၇၇,၆၁၀,၀၀၀ | — | ၅၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၁) စက်မှု | ၎င်း | | | ၂၃,၄၅၀,၇၀၀ | | | | | | | |
| ၂၄ | အမှတ် (၂) စက်မှု | ၎င်း | | | ၃၅,၀၀၀ | | | | | | | |
| ၂၅ | သိပ္ပံနှင့် နည်းပညာ | ၎င်း | | | ၄၄၈,၅၁၈,၀၀၀ | — | — | ၅၀၀,၀၀၀ | — | ၃၃,၁၀၀,၀၀၀ | | |
| ၂၆ | ဆောက်လုပ်ရေး | ၎င်း | | | ၂,၀၄၀,၀၀၀,၀၀၀ | ၁၅,၀၀၀ | ၉၀,၀၀၀,၀၀၀ | | | | | |
| ၂၇ | ပို့ဆောင်ရေး | ၎င်း | | | ၂၇၃,၀၅၁,၃၆၀ | — | — | ၇၀၀,၀၀၀ | — | ၁၀,၁၃၂,၀၀၀ | | |
| ၂၈ | ရထားပို့ဆောင်ရေး | ၎င်း | | | ၈၄၈,၀၇၁,၀၀၀ | | | | | | | |
| ၂၉ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၎င်း | | | ၂,၀၈၂,၀၀၀,၀၀၀ | | | | | | | |
| ၃၀ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၂၂၈,၇၀၄,၀၀၀ | | | | | | | |
| ၃၁ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၄,၀၀၅,၀၀၀ | | | | | | | |
| ၃၂ | သမဝါယမ | ၎င်း | | | ၂၆,၀၀၀,၂၀၀ | | | | | | | |
| ၃၃ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၂၆,၄၃၂,၆၀၀ | — | ၁၀၀,၀၀၀ | | | | | |
| ၃၄ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | | | ၁,၇၂၃,၆၇၆,၈၀၀ | ၅၁,၉၉၉,၀၀၀ | ၀၀၅,၀၀၀ | ၇၂၄,၈၀၀,၀၀၀ | ၁၉၀,၃၃၀,၀၀၀ | | | |
| ၃၅ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | | ၁၅၀,၃၀၀ | | | | | | | |
| | ပေါင်း — | | ၄၉,၈၄၇,၅၀၆,၀၀၀ | ၄၀,၀၀၃,၇၃၉,၀၀၀ | ၁၇,၇၇၄,၄၇၃,၃၅၀ | ၅၀,၉၁၄,၀၀၀ | ၁၆၄,၀၀၅,၀၀၀ | ၅၁၆,၆၇၃,၇၀၀ | ၁၉၀,၃၃၀,၀၀၀ | ၄၃,၂၃၂,၀၀၀ | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့် ရန်ပုံငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁၀,၀၀၀,၀၀၀ | — | ၅,၁၅၂,၀၀၀ | ၇၆,၉၆၂,၈၀၀ | | | | | |
| ၂ | ကာကွယ်ရေး | ရှင်း | ၂၀,၄၃၉,၅၃၄,၄၉၀ | — | — | ၁၀,၉၄၇,၀၀၀,၀၀၀ | | | | | |
| ၃ | ကပ်မတော်ရေးရာ | ရှင်း | ၈၅,၇၃၀ | — | .... | ၄,၀၀၀,၀၀၀ | | | | | |
| ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ရှင်း | ၄၄၇,၅၀၀,၀၀၀ | — | ၅၀၉,၄၅၂,၀၀၀ | ၁,၀၀၀,၂၇၇,၀၂၀ | | | | | |
| ၅ | ပြည်ထဲရေး | ရှင်း | ၂,၆၃၈,၀၀၀,၀၀၀ | — | ၁၅၅,၇၅၁,၅၀၀ | ၄၀၃,၁၀၆,၃၃၀ | | | | | |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ရှင်း | ၂၀၂,၄၀၀,၀၀၀ | — | .... | ၄၂,၃၇၀,၈၆၀ | | | | | |
| ၇ | သာသနာရေး | ရှင်း | ၁၉၇,၃၀၀,၀၀၀ | — | ၃၂,၇၁၁,၈၀၀ | ၂၇၉,၃၅၂,၅၅၀ | | | | | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ရှင်း | ၁၈၄,၀၀၀,၀၀၀ | — | ၁၉,၃၀၀,၀၀၀ | ၂၃၆,၈၄၉,၅၀၀ | | | | | |
| ၉ | ပြန်ကြားရေး | ရှင်း | ၃၁၇,၅၀၀,၀၀၀ | — | — | ၁၇၁,၈၀၃,၂၅၀ | | | | | |
| ၁၀ | ယဉ်ကျေးမှု | ရှင်း | ၁၇၇,၅၄၂,၀၀၀ | — | ၅၁,၅၆[illegible] | ၄၀၄,၀၅၇,၅၀၀ | | | | | |
| ၁၁ | ပညာရေး | ရှင်း | ၆,၆၁၆,၇၀၀,၀၀၀ | — | ၃၀၆,၈၅[illegible] | ၅,၂၉၁,၈၉၆,၀၀၀ | | | | | |
| ၁၂ | ကျန်းမာရေး | ရှင်း | ၁,၉၇၆,၀၀၀,၀၀၀ | — | ၂,၉၉၂,၀၀၀ | ၁,၁၄၆,၁၉၈,၃၅၀ | | | | | |
| ၁၃ | အားကစား | ရှင်း | ၁၄၅,၂၀၀,၀၀၀ | — | ၁၂,၅၆၅,၀၀၀ | ၁၀၄,၉၀၈,၁၀၀ | | | | | |
| ၁၄ | အလုပ်သမား | ရှင်း | ၆၃,၃၃၀,၀၀၀ | — | ၁၇၅,၀၀၀ | ၃၆,၁၁၄,၅၂၀ | | | | | |
| ၁၅ | သစ်တောရေးရာ | ရှင်း | ၇၄၈,၅၀၀,၀၀၀ | — | ၉၀,၀၀၀ | ၄၀၉,၀၁၅,၃၄၀ | | | | | |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ရှင်း | ၆,၁၈၇,၅၀၀,၀၀၀ | — | ၄၂၉,၅၀၀ | ၅,၄၅၉,၀၅၀,၃၅၀ | | | | | |
| ၁၇ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ရှင်း | ၄၂၀,၀၀၀,၀၀၀ | ၃,၉၀၀,၀၀၀ | ၄၁၂,၀၀၀ | ၁၁၉,၆၅၉,၅၀၀ | | ၂၃,၄၃၇,၀၀၀ | | | |
| ၁၈ | သတ္တုတွင်း | ရှင်း | ၇၆,၇၀၀,၀၀၀ | — | — | ၅,၁၉၃,၇၇၀ | | | | | |
| ၁၉ | အမှတ် (၁) စက်မှု | ရှင်း | ၅၂,၇၀၀,၀၀၀ | — | — | ၁၂,၁၂၀,၀၅၀ | | | | | |
| ၂၀ | အမှတ် (၂) စက်မှု | ရှင်း | ၃၇,၈၅၀,၀၀၀ | — | — | ၂,၉၁၉,၂၀၀ | | | | | |
| ၂၁ | သိပ္ပံနှင့်နည်းပညာ | ရှင်း | ၅၀၀,၉၄၈,၀၀၀ | — | ၁၇၅,၀၀၀ | ၇၉၃,၄၂၆,၉၅၀ | | | | | |
| ၂၂ | စွမ်းအင် | ရှင်း | ၁၅,၈၀၀,၀၀၀ | — | — | ၅၀၀,၀၀၀ | | | | | |
| ၂၃ | လျှပ်စစ်စွမ်းအား | ရှင်း | ၄,၅၀၀,၀၀၀ | — | — | ၃,၀၇၀,၀၀၀ | | | | | |
| ၂၄ | ဆောက်လုပ်ရေး | ရှင်း | ၄,၈၉၄,၀၀၀,၀၀၀ | — | .... | ၈,၂၄၀,၃၇၄,၇၀၀ | | | | | |
| ၂၅ | ပို့ဆောင်ရေး | ရှင်း | ၃၁၆,၈၅၀,၀၀၀ | ၁၆,၆၀၁,၈၁၀ | ၇၇၀,၀၀၀ | ၁,၄၀၀,၁၃၀,၀၀၀ | | ၉၇,၅၀၀,၀၀၀ | | | |
| ၂၆ | ရထားပို့ဆောင်ရေး | ရှင်း | ၇၇,၉၅၀,၀၀၀ | — | .... | ၃၄,၇၁၇,၈၄၀ | | | | | |
| ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ရှင်း | ၉,၂၀၀,၀၀၀ | .... | ၆၀၀,၀၀၀ | ၁၂,၆၀၉,၈၉၀ | | | | | |
| ၂၈ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ရှင်း | ၉၉,၈၀၀,၀၀၀ | — | ၂၂၀,၀၀၀ | ၄၉,၀၀၁,၀၀၀ | | | | | |
| ၂၉ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ရှင်း | ၁၄,၅၀၀,၀၀၀ | — | .... | ၆,၇၆၂,၉၅၀ | | | | | |
| ၃၀ | သမဝါယမ | ရှင်း | ၉၂,၇၄၀,၀၀၀ | — | .... | ၆၇,၃၂၄,၆၀၀ | | | | | |
| ၃၁ | အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ရှင်း | ၂၀၉,၉၀၀,၀၀၀ | .... | ၂,၁၀၆,၀၀၀ | ၅၇၂,၁၄၉,၅၉၀ | | | | | |
| ၃၂ | ဘဏ္ဍာရေးနှင့် အခွန် | ရှင်း | ၄၈၁,၉၅၇,၀၀၀ | ၁၉,၅၁၁,၀၂၀,၀၀၀ | ၁၁,၄၀၇,၆၀၀,၀၀၀ | ၁၀၉,၁၇၈,၁၀၀ | | ၃၅၁,၁၀၉,၀၀၀ | ၁၉,၉၆၅,၀၀၀ | ၃၀,၀၀၀ | |
| ၃၃ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ရှင်း | ၁,၆၄၅,၅၄၂,၆၀၀ | | | | | | | | |
| ၃၄ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ရှင်း | ၅၀၂,၀၀၀,၀၀၀ | | | | | | | | |
| ၃၅ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့်ရှိ သောဇယား(၁)၊ (၂)နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | | | | ၁၀၀,၀၀၀,၀၀၀ |
| | ပေါင်း | | ၅၀,၂၄[illegible]၆၉၂,၈၂၀ | ၁၉,၅၃၁,၅၂၉,၈၁၀ | ၁၁,၁၇၁,၀၃၀,၂၁၀ | ၃၇,၅၅၀,၃၉၀,၄၅၀ | | ၄၉၆,၀၄၆,၀၀၀ | ၁၉,၉၆၅,၀၀၀ | ၃၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အနှုန်းအကောက် | နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အထိုးရငွေ | ငွေထုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီး...မှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၀၉,၁၇၅,၃၃၇,၀၀၀ | | ၁၇၇,၆၄၉,၀၀၀ | | | ၂၇၀,၀၉၆,၀၀၀ | |
| | ပေါင်း — | | | | ၃၀၉,၁၇၅,၃၃၇,၀၀၀ | | ၁၇၇,၆၄၉,၀၀၀ | | | ၂၇၀,၀၉၆,၀၀၀ | |

ဇယား (၆)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | အခန်းသုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများသို့ ချင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅၀,၆၇၀,၅၃၂,၀၀၀ | | | ၁၆,၆၇၄,၄၀၆,၆၉၀ | | ၉၆၇,၃၇၁,၀၀၀ | | |
| | ပေါင်း | | ၃၅၀,၆၇၀,၅၃၂,၀၀၀ | | | ၁၆,၆၇၄,၄၀၆,၆၉၀ | | ၉၆၇,၃၇၁,၀၀၀ | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့ အစည်းများမှ ရငွေ | အခြားသာစန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုမယာင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁။ | ထာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅၃,၄၀၀ | | ၂၃,၃၅၉,၀၅၀ | | | | | | | |
| | ပေါင်း — | | ၂၅၃,၄၀၀ | | ၂၃,၃၅၉,၀၅၀ | | | | | | | |

ဇယား (ဂ)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အသုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃,၂၃၆,၀၀၀ | | | ၆,၄၀၇,၉၆၀ | | | | |
| | ပေါင်း — | | ၂၃,၂၃၆,၀၀၀ | | | ၆,၄၀၇,၉၆၀ | | | | |

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၁—၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၅/၂၀၀၀)

၁၃၆၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်သည် ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှ စတင်အာဏာတည်ရမည်။ ယင်းပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်မှအပ ကျန် ပြဋ္ဌာန်းချက်များသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ အာဏာတည်ရမည်။

## အခန်း (၂)

## တရားစီရင်ရေးဆိုင်ရာမူများ

၂။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ စီရင်ရမည်—

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခြင်း၊

(ခ) ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေ အေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေခြင်း၊

(ဂ) ဥပဒေကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးခြင်း၊

(ဃ) အမှုကိစ္စများကို ဥပဒေနှင့်ပြု ချက် ဘောင်အတွင်း၌ ဥပဒေနှင့်အညီကျေအေးပြီးပြတ်စေရန်ဆောင်ရွက်ခြင်း၊

(င) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ ရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(စ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့် ပေးခြင်း၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း။

## အခန်း (၃)

## တရားရုံးချုပ် ဖွဲ့စည်းခြင်းနှင့် ရုံးထိုင်ခြင်း

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တရားရုံးချုပ်ကို တရားသူကြီးချုပ် ၁ ဦး၊ ဒုတိယတရားသူကြီးချုပ် ၂ ဦးနှင့် တရားသူကြီး အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၂ ဦးဖြင့် ဖွဲ့စည်းရမည်။

၄။ တရားရုံးချုပ်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် ထိုင်ရမည်။ သို့ရာတွင် လိုအပ်ပါက အခြားသင့်လျော်ရာ ဒေသတစ်ခုတွင် ထိုင်နိုင်သည်။

## အခန်း (၄)

## တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများ

၅။ တရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) ပြစ်မှုဆိုင်ရာမူလမှုနှင့် တရားမမူလမှုများကို စီရင်ခြင်း၊

(ခ) မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်း ရယူသော အမှုကို စီရင်ခြင်း၊

(ဂ) တရားရုံး တစ်ရုံးရုံးမှ အခြားတရားရုံး တစ်ရုံးရုံးသို့ အမှု လွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(င) တရားရုံး တစ်ရုံးရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြင်ဆင်မှုကို စီရင်ခြင်း၊

(စ) ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးကဖြစ်စေ၊ ခရိုင်တရားရုံးကဖြစ်စေ ချမှတ်သောသေဒဏ်အမိန့်ကို အတည်ပြုမှု၊ သေဒဏ်အမိန့်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(ဆ) တရားရုံး တစ်ရုံးရုံး၏ ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) နိုင်ငံသားတစ်ဦးဦး၏ ဥပဒေနှင့်အညီ ရရှိထိုက်သည့် အခွင့်အရေးနှင့် သက်ဆိုင်သည့် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် စစ်ဆေးစီရင်၍ လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဈ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

(ည) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့်ရှိသော အမှုများကို စီရင်ခြင်း။

## အခန်း (၅)

## တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်များ

၆။ တရားရုံးချုပ်သည် တရားရုံးအသီးသီးကို ကြီးကြပ်ကွပ်ကဲရမည်။

၇။ တရားရုံးချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ အပြီးသတ်စီရင်ထားသော အမှုကိုဖြစ်စေ၊ တရားရုံး တစ်ရုံးရုံး၏ အပြီးအပြတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်က အပြီးသတ်စီရင်ထားသော အမှုကို ဖြစ်စေ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအယူခံဝင်ခွင့်ပြုပြီးပါက တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီး ၁ ဦး၊ စုစုပေါင်း ၃ ဦး သို့မဟုတ် တရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီး ၂ ဦး၊ စုစုပေါင်း ၃ ဦး သို့မဟုတ် ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီး ၂ ဦး၊ စုစုပေါင်း ၃ ဦး ပါဝင်သော အထူးအယူခံခုံရုံး ဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်။

၈။ အထူးအယူခံခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့်အမှုမှအပ တရားရုံးချုပ်က စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်သည်ဟု တရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလျှင် ယင်းပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်စေနိုင်သည်။

၉။ တရားရုံးချုပ်သည် မိမိ၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ တရားသူကြီးချုပ်က သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး ၁ ဦးဖြင့် ဖြစ်စေ၊ ၁ ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၁၀။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင်ရှိသော အမှုများကို တရားသူကြီး ၁ ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

၁၁။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများက ဖြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်များကို သင့်လျော်သလို သတ်မှတ်ပေးရမည်။

## အခန်း (၆)

## ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းခြင်း

၁၂။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများကို ဖွဲ့စည်းရမည်။

၁၃။ တရားရုံးချုပ်သည် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင် တရားသူကြီးအဖြစ် ဆောင်ရွက်ရန် တရားရေးဝန်ထမ်းများကို ခန့်အပ်၍ သင့်လျော်သော စီရင်ပိုင်ခွင့် အာဏာအရပ်ရပ်ကို အပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ပေးခြင်း ပြုလုပ်ရမည်။

## အခန်း (၇)

## တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ

၁၄။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) တရားမ မူလမှုများကို စီရင်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ မူလမှုများကို စီရင်ခြင်း၊

(ဂ) ဥပဒေ တစ်ရပ်ရပ်အရ စီရင်ခြင်း။

၁၅။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် ခရိုင်တရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်နိုင်သည်။

၁၆။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည်—

(က) မိမိ၏ ပြည်နယ် သို့မဟုတ် တိုင်းအတွင်း မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်နိုင်သည်။

(ခ) မိမိ၏ ပြည်နယ် သို့မဟုတ် တိုင်းအတွင်း တရားရုံးတစ်ရုံးရုံးမှ အခြားတရားရုံး တစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၁၇။ ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးသည် မိမိ၏စီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး ၁ ဦးဖြင့် ဖြစ်စေ၊ ၁ ဦးထက်ပိုသော ခုံရုံးဖြင့် ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၁၈။ ခရိုင်တရားရုံးသည် မြို့နယ်တရားရုံးက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်နိုင်သည်။

၁၉။ ခရိုင်တရားရုံးသည်—

(က) မိမိ၏ ခရိုင်အတွင်း မိမိ၏ ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသော အမှုကို စီရင်နိုင်သည်။

(ခ) မိမိ၏ခရိုင်အတွင်း တရားရုံး တစ်ရုံးရုံးမှ အခြားတရားရုံး တစ်ရုံးရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်နိုင်သည်။

၂၀။ ခရိုင်တရားရုံးသည် မိမိ၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်တရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး ၁ ဦးဖြင့်ဖြစ်စေ၊ ၁ ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

၂၁။ မြို့နယ်တရားရုံးသည် မိမိ၏စီရင်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် တရားရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်တရားသူကြီးက သတ်မှတ်ပေးသည့်အတိုင်း တရားသူကြီး ၁ ဦးဖြင့်ဖြစ်စေ၊ ၁ ဦးထက်ပိုသော ခုံရုံးဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

## အခန်း (၇)

### အထွေထွေ

၂၂။ တရားရုံးချုပ် အထူးခုံရုံးက လုပ်ထုံး လုပ်နည်းများနှင့်အညီ အထူးအယူခံ ဝင်ခွင့်ပြုထားပြီးဖြစ်သည့် အမှုများကို ဤဥပဒေပုဒ်မ ၇ အရ ဖွဲ့စည်းသည့် အထူးအယူခံခုံရုံးက ဆက်လက် စစ်ဆေးစီရင်ရမည်။

၂၃။ ဤဥပဒေ အာဏာတည်ပြီးနောက်တွင် မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် လျှောက်ထားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများက စစ်ဆေးစီရင်ရမည်။

၂၄။ တရားသူကြီးများသည် သက်ဆိုင်ရာ တရားရုံးများရှိ မပြီးပြတ်သေးသော အမှုများကို ဆက်လက်စစ်ဆေးစီရင်ရမည်။

၂၅။ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်၊ တရားရုံးချုပ်တရားသူကြီး၊ ပြည်နယ် သို့မဟုတ် တိုင်းတရားသူကြီးနှင့် ခရိုင်တရားသူကြီးများသည် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျမျာ:နှင့် အချုပ်ခံနေရသူများကို မှုခင်းများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှု မရှိစေရေးအတွက် လိုအပ်သလို စစ်ဆေးကြည့်ရှုနိုင်သည်။

၂၆။ တရားရုံးချုပ်သည် တရားရုံးချုပ်နှင့် တရားရုံးအသီးသီးအတွက် လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည်။

၂၇။ တရားရုံးချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လက်စွဲများကို ထုတ်ပြန်နိုင်သည်။

၂၈။ တရားစီရင်ရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၆/၂၀၀၀)

၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
(၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင် စီ သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်နောက်၌ "or the State or Divisional Court" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၅ က၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "100,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၃၆ ကို ပယ်ဖျက်ရမည်။

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (၁)တွင်ပါရှိသော—

(က) "any Court subordinate to the High Court," ဆိုသည့် စကားရပ်ကို "the State or Divisional Court," ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "in a suit relating to immoveable property or to any right or interest in immoveable property, and in any other suit where the amount or value of the subject-matter of the original suit exceeds 500 kyats," ဆိုသည့် စကားရပ်ကို " in the suit where the amount or value of the subject-matter of the original suit exceeds 2,000,000 kyats," ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည်—

> "102. No second appeal shall lie from the decree passed in appeal where the amount or value of the subject-matter of the original suit does not exceed 2,000,000 kyats."

၇။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၆ တွင် ပါရှိသော "where such order is made by a Court (not being the High Court) in the exercise of appellate jurisdiction, then to the

High Court." ဆိုသည့် စကားရပ်ကို "where such order is made by the District Court or the State or Divisional Court in the exercise of appellate jurisdiction, then to the immediate higher Court." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ (က) တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်၏ နောက်၌ "or the State or Divisional Court or the District Court" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် အောက်ပါ ခြွင်းချက်ကို ဖြည့်စွက်ရမည်—

"Provided that this provision shall not apply to the record of any case which has been decided by any Court in the exercise of its revisional jurisdiction or its appellate jurisdiction."

၈။ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၄ တွင် ပါရှိသော "The evidence of the witnesses in attendance" ဆိုသည့် စကားရပ်နောက်၌ "which the Judge thinks necessary" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၅ တွင် ပါရှိသော "The Judge shall, if necessary, correct the deposition and sign it." ဆိုသည့် စကားရပ်ကို "The evidence

so taken shall be read over to the witness, and, if he admits it to be correct, shall be signed by him on every page, and the Judge shall, if necessary, correct the same and sign it.'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၁၅ (၁) တွင် ပါရှိသော '' may proceed'' ဆိုသည့် စကားရပ်ကို ''shall proceed'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၃၊ နည်းဥပဒေ ၁ တွင်ပါရှိသော '' 100 kyats'' ဆိုသည့် စကားရပ်အသီးသီးကို ''50,000 kyats'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၇/၂၀၀၀)

၁၃၆၂ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၅။ (က) နိုင်ငံရေးလစဉ်ပင်စင်ခံစားခွင့်ကို အသက် ၆၀ ပြည့် မှသာ စတင်ခံစားခွင့်ရှိသည်။

(ခ) သို့ရာတွင် အသက် ၆၀ မပြည့်သော်လည်း ကြီးလေးသော နိုင်ငံရေးတာဝန်ကို အပြစ်ကင်းရှင်းစွာ ထမ်းဆောင်သူ ဖြစ်လျှင် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့၍ နိုင်ငံရေး လစဉ်ပင်စင်ကို ခံစားခွင့်ပြုနိုင်သည်။

(ဂ) အသက် ၆၀ ပြည့်ပြီးနောက် တာဝန်ဆက်လက် ထမ်းဆောင်ခြင်း ခံရသဖြင့် လစာငွေရရှိနေလျှင် ထိုကာလ အတွင်း နိုင်ငံရေး လစဉ်ပင်စင်ကို ခံစားခွင့်မရှိစေရ။

၃။ နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၁၆ ကို ပုဒ်မ ၁၆ ပုဒ်မခွဲ (က) အဖြစ် ပြင်ဆင်ရမည်။

၄။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (က) နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည် –

( ခ ) သို့ရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ (က) ပါ "ကွယ်လွန်သူ အသက် ၆၀ ပြည့်မြောက်သည့်နေ့မှစ၍သာ ခံစားခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်သည် ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ) အရ အသက် ကန့်သတ်ချက်ကို လျှော့ပေါ့၍ နိုင်ငံရေးလစဉ် ပင်စင် ခံစားခွင့်ရှိသူနှင့် မသက်ဆိုင်စေရ။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# လမ်းမကြီးများ ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# လမ်းမကြီးများဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၈/၂၀၀၀)

၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းမကြီးများ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လမ်းမကြီး ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးကို ဆိုသည်။ ယင်းစကားရပ်တွင် လမ်းမ၏ တစ်ဖက်တစ်ချက်စီရှိလမ်းနယ်နိမိတ်များနှင့် လမ်းမကြီးများတွင်ရှိသော တံတားများလည်း ပါဝင်သည်၊

သို့ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့က ဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်း သည့် လမ်းများမပါဝင်။

(ခ) ယာဉ် ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည် သယ်ယူပို့ဆောင်ရန် ဖြစ်စေ စက်စွမ်းအားဖြင့် လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

(ဂ) တိရစ္ဆာန် ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်။

(ဃ) လှည်း ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တဲွခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်း တစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့် ပြည်နယ်နှင့် တိုင်း တစ်ခုနှင့် တစ်ခုအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူ စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုး တိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းမကြီးများ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လမ်းမကြီး ပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)

### ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) လမ်းမကြီးများ ဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခြင်း၊

(စ) လမ်းမကြီးများ၏ နယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(ဆ) လမ်းမကြီးများ ဖောက်လုပ်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လမ်းမကြီးများ ပြုပြင်ရန်နှင့် ထိန်းသိမ်းရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေး အဖွဲ့အစည်း တစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေး အဖွဲ့အစည်း တစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ည) လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အအုံဖယ်ရှားခြင်းများကို တည်ဆဲ ဥပဒေများနှင့် အညီဆောင်ရွက်ခြင်း၊

(ဋ) လမ်းမကြီးများ ဖောက်လုပ်ရာတွင် အသုံးပြုရန် လိုအပ်သည့် စက်ကိရိယာပစ္စည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

(ဃ) လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်း။

## အခန်း (၄)

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်း အစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) လမ်းမကြီးများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင် ခြင်းနှင့် ထိန်းသိမ်းခြင်း၊

( င ) လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း သစ်ပင်များ စိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းခြင်း၊

( စ ) လမ်းမကြီးများ၏ လမ်းပခုံးသားအကျယ်ကို သတ်မှတ်ခြင်း၊

( ဆ ) လမ်းမကြီးများတိုးချဲ့ရာတွင်လည်းကောင်း၊ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

( ဇ ) လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခွင့် မပြုသည့် ယာဉ်နှင့် ဘီးအမျိုးအစားကို လည်းကောင်း၊ ယာဉ်နှင့် ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ လှည်း၏ ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်းရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

( ဈ ) လမ်းမကြီးများပေါ်တွင် လှည်းနှင့် ထိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

( ည ) လမ်းမကြီးများပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

( ဋ ) လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း။

## အခန်း (၅)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) လမ်းမကြီးကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်း မ ကြီး ၏ နယ် နိ မိတ် အ တွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊

(ဂ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) လမ်း မ ကြီး များ ပေါ် တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်းသို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသော သစ် ပင် များ ကို ရှင်း လင်း ရာ တွင် နှောင့် ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) လမ်း မ ကြီး များ ပေါ် တွင် လျှည်း နှင့် တိရစ္ဆာန်များ ဖြတ် သန်း သွား လာ ခြင်း နှင့် စပ် လျဉ်း ၍ သတ် မှတ် ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) လမ်းမကြီးပေါ်တွင် သွားလာမှုကို အနှောင့်အယှက် သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) လမ်းမကြီး၏နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ် ငန်း ၏ ခွင့် ပြု ချက် မရှိ ဘဲ ကြော် ငြာ ဆိုင်း ဘုတ် စိုက်ထူခြင်း။

## အခန်း (၆)

## အထွေထွေ

၁၀။ **အစိုးရဌာန၊** အဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ လမ်းမကြီးကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်း ဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ် ဓါတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

၁၁။ ဤ ဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးပေါ်တွင် အသုံးပြုသည့်အတွက် အသုံးပြုခကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၁၃/၈၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၂။ ဤ ဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ မထုတ်ပြန်မီ The Highways Act, 1907 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၄။ The Highways Act, 1907 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၁၇၀၉၉